အကြင်သူသည် သာသနာ့ပညာရှာဖွေဆည်းပူးရန်

ထွက်ခွါခဲ့လျှင် ပြန်မရောက်မခြင်း ၎င်းသည်

အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ရှိနေသူဖြစ်သည်။

အနတ်စ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူခဲ့သည်။ အကြင်သူသည်
သာသနာ့ပညာရှာဖွေဆည်းပူးရန် ထွက်ခွါခဲ့လျှင် ပြန်မရောက်မခြင်း ၎င်းသည်
အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ရှိနေသူဖြစ်သည်။ [ဤဟဒီးဆ်သည် ဟစန်အဆင့်ရှိသည်။] [သိရ်မိဇီကျမ်း။]

ဟဒီးဆ်သြဝါဒတော်၏အဓိပ္ပါယ်မှာ- အကြင်သူသည် သာသနာ့ပညာရှာဖွေရန်အတွက် မိမိနေအိမ်သို့မဟုတ် မိမိမြို့ရွာမှ ထွက်ခွာခဲ့လျှင် ထိုသူသည် မိမိ၏မိသားစုထံ ပြန်မလာမချင်းအလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဂျိဟာဒ်လုပ်ရန် ထွက်ခွာသွားသူနှင့် ပညတ်သဘောချင်းအတူတူဖြစ်သည်။အဘယ်ကြောင့်ဆိုသော် သာသနာ့ပညာရှာဖွေသူသည် သာသနာတော်ကိုရှင်သန်စေခြင်း၊ ရှိုင်တွာန်မိစ္ဆာအား သေးသိမ်နိမ့်ကျစေခြင်း၊စိတ်ပင်ပမ်းခြင်းတို့တွင် ဂျိဟာဒ်လုပ်သူကဲ့သို့ပင်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/4191